the voice of spring

18.5.2021 · Tuesday · No . 43 · Daily News Pamphlet


## မင်းတပ်မြို့မှ ဒေသခံခေါင်းဆောင်များ၊ လွှတ်တော် အမတ်များနှင့် NUG,CRPH တွေ့ဆုံဆွေးနွေးခဲ့ကြ

သတင်းတို

ရင်းမြစ် – NUG မှ

## မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီနှင့် NUG အစိုးရအဖွဲ့ဝင်များ ပထမဦးဆုံးအကြိမ် တွေ့ဆုံခဲ့ကြ

သတင်းတို

ရင်းမြစ် – NUG မှ

## ပြည်သူ့ကာကွယ်ရေးတပ်မတော်သည် တရားဝင်အစိုးရဖြစ်သော NUG အစိုးရမှ ကာကွယ်ရေးမူဝါဒနှင့်အညီ တည်ထောင်ထားခြင်းဖြစ်ပြီး စစ်မှုထမ်းလိုသူများသည် သက်ဆိုင်ရာစစ်တိုင်း(၅)ခုအောက်ရှိ တပ်ရင်းများ၌ စစ်ပညာသင်၍ အမှုထမ်းရမည် အပါအဝင် အချက်(၇)ချက်ကို ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်က ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## ဖြိုခွဲဖမ်းဆီးမှုများအကြားမှ သပိတ်စစ်ကြောင်းများကို နေ့စဉ်မပြတ် နိုင်ငံအနှံ့၌ ပြုလုပ်ခဲ့ကြ









မေလ(၁၇)ရက်၊ ရန်ကုန်၊ မန္တလေးမြို့တို့တွင် ပြုလုပ်ခဲ့ကြသည့် သပိတ်စစ်ကြောင်းအသီးသီးကို တွေ့ရစဉ် -(ဓါတ်ပုံ - CJ )

## ရှမ်းမြောက်၊ ကွတ်ခိုင်၌ KIA နှင့် စစ်အုပ်စု တိုက်ပွဲဖြစ်ပွားလျက်ရှိ

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## စစ်ကျွန်ရွေးကော်မှဖိတ်သည့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြည်သူ့ပါတီ သဘောထားကွဲလွဲနေဟုသိရ

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## စစ်အုပ်စုကို လက်နက်ရောင်းချမှု ချက်ချင်းဆိုင်းငံ့ရန် ကုလအထွေထွေညီလာခံ ဆုံးဖြတ်မည်ဟုသိရ

သတင်းတို

ရင်းမြစ် – RFA မှ

## NUG လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း၊ ဒုတိယဝန်ကြီး ဦးဘထန်းဟန်နှင့် ဩစတြေးလျနိုင်ငံရှိ CRPH ကူညီထောက်ပံ့ရေးအဖွဲ့များ၊ လူငယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ပြည်တွင်းနှင့်ပြည်ပအားကို ဟန်ချက်ညီညီပေါင်းစပ်၍ လူ့အခွင့်အရေးပိုမိုအားကောင်းလာအောင်လုပ်ဆောင်သွားမည်ဟု ပြောကြား

သတင်းတို

ရင်းမြစ် – NUG မှ

## ထားဝယ်သပိတ်စစ်ကြောင်းကို စစ်အုပ်စုမှ ကားနှင့်တိုက်၍ ဖြိုခွဲသဖြင့် (၁၀)ဦးထက်မနည်းဖမ်းဆီးခံခဲ့ရ

သတင်းတို

ရင်းမြစ် – DVB မှ

## စစ်အုပ်စုမှ ပစ်ခတ်သဖြင့် မင်းတပ်မြို့၌ အသက်(၁၀)နှစ်အရွယ် သမီးငယ်တဦး၏ ပုခုံးကို ကျည်ထိမှန်ခဲ့

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## အဖမ်းဆီးခံရသူများ၏ ကြွယ်ဝသောမိဘများထံမှ အကြမ်းဖက်စစ်အုပ်စုက လိမ်လည်ငွေညှစ်လျက်ရှိ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## ဒိုက်ဦးမြို့ရှိ CDM ပညာရေးဝန်ထမ်း(၁၆)ဦးကို စစ်အုပ်စုက သေနတ်ပစ်ဖောက်၍ ဖမ်းဆီးပြီး ဝန်ခံကတိထိုးခိုင်းခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

18.5.2021 · Tuesday · No . 43 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၁၇)ရက်၊ ၂၀၂၁



- မန္တလေးရှိ လက္ကားဈေးကြီးများကို မေ(၂၄) ရက် နောက်ဆုံးထား၍ ဖွင့်လှစ်ရန်နှင့် မဖွင့်သည့်ဆိုင်ခန်းများအား စည်ပင်ပိုင်အဖြစ် သိမ်းယူမည်ဟု မန်းစည်ပင်ကော်မတီက အကြောင်းကြားစာနှင့် ဖိအားပေးလျက်ရှိ။
- ကသာမြို့၊ မြို့မဈေးတွင် မေ(၁၆)ရက်၊ ည (၈)နာရီခန့်က စစ်အုပ်စုက ဝင်ရောက်စီးနင်းမှုပြုလုပ်သဖြင့် ဈေးမီးရှို့ခံရမည်ကို စိုးရိမ်သောကြောင့် လာရောက်ကြည့်ရှုသူ ဒေသခံများကို သေနတ်နှင့်ပစ်မည်ဟု ခြိမ်းခြောက်၍ လူစုခွဲခိုင်းခဲ့။
- တီးတိန်မြို့နယ်၊ မြို့မရပ်ကွက်နေ ကိုဂိုရှမ်မုန်မှာ မေ(၁၆)ရက် ညပိုင်းက အလုပ်မှပြန်လာစဉ် စစ်အုပ်စုက အကြောင်းမဲ့ ပစ်ခတ်ခဲ့သဖြင့် ဦးခေါင်း ကျည်ထိမှန်၍ ကျဆုံးခဲ့ရ။
- တွံတေး၊ အ.ထ.က (၂) တွင် တပ်စွဲထားသည့် ရောဝတီရေတပ်ဌာနချုပ်နှင့် ရေတပ်ပစ္စည်းထိန်းဌာနမှ တပ်သား မင်းသီဟကျော်နှင့် ဆလိုင်းအေးချမ်းအောင်၊ နေပြည်တော်၊ အမှတ်(၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်သားတဦးတို့က CDM ပြုလုပ်ပါဝင်ခဲ့။
- ပုဒ်မ (၅၀၅) ဖြင့် ဖမ်းဆီး၊ တရားစွဲခံထားရသည့် အနုပညာရှင်များကို စစ်အုပ်စုမှ စည်းရုံးနေပြီး အမှုပိတ်သိမ်းခအဖြစ် ကျပ်သိန်းရာချီ တောင်းဆိုမှုများ ရှိနေဟု သိရ။
- မြင်းခြံ၊ အမှတ် (၁၃) ရပ်ကွက်ရှိ အသေးစားဈေးငွေဘဏ်အနီး၌ နံနက်(၈:၄၀)နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တဦးဒဏ်ရာရရှိခဲ့။
- ရန်ကုန်၊ ရွှေပြည်သာ၊ (၂၅)ရပ်ကွက်၊ သာဓုကန် စက်မှုဇုန်၊ ရွှေတံခါးလမ်းတွင် နံနက် (၁၀)နာရီက မီးလောင်မှု ဖြစ်ပွားခဲ့ပြီး ညနေ(၄)နာရီခွဲခန့်တွင်လည်း သာဓုကန် ဘုရား အနီး၌ မီးလောင်မှု ထပ်မံဖြစ်ပွားခဲ့။
- ပဲခူးတိုင်း၊ ပေါက်ခေါင်းမြို့နယ် ပညာရေးမှူးရုံးမှာ နံနက်(၄)နာရီခန့်က မီးလောင်ကျွမ်းခဲ့ပြီး ပြာကျပျက်စီးခဲ့ဟုသိရ။
- မေ(၁၇)ရက်၊ ညနေ(၆:၄၀)နာရီတွင် ပဲခူးမြို့ ပြင်စည်လမ်းပေါ်ရှိ ကညနရုံး၌ ဗုံးကွဲခဲ့။
- မိုးကုတ်ရှိ စစ်အုပ်စု၏ ဗျူဟာကုန်းအရာရှိအိမ်ရာနှင့် မြို့တွင်းထွေအုပ်ရုံးတို့၌ မေ(၁၆)ရက်၊ ညနေ(၆)နာရီနှင့် (၆)နာရီခွဲတွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့။
- နံနက်(၃)နာရီခွဲခန့်က သာယာဝတီ၊ သုံးဆယ်မြို့ရှိ ကြံ့ခိုင်ရေးပါတီဝင် တိုင်းဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးမြင့်လွင်ဦး အိမ်ရှေ့နှင့် သာယာဝတီမြို့နယ် ပညာရေးမှူး ဒေါ်လှလှဝင်း နေထိုင်ရာ အဆောင်အနီးတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- နေ့လယ်(၁)နာရီခွဲခန့်က တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်ရှိ ရုံးမဘဏ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့။
- ရန်ကုန်၊ တောင်ဒဂုံမြို့နယ်၊ (၇၀)ရပ်ကွက်၊ ရွှေပြည်အေးနေ ကိုအဲစုကို မေ(၄)ရက်တွင် စစ်အုပ်စုက ရိုက်နှက်ဖမ်းဆီးခဲ့ပြီး မိသားစုမှ ငွေ(၆)သိန်းဖြင့် ပြန်ရွေးသဖြင့် လွတ်လာခဲ့သော်လည်း ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံ၌ ကုသမှုခံယူနေစဉ် ကွယ်လွန်ခဲ့။
- မြင်းခြံတွင် ဧပြီ(၁၈)ရက်က စစ်အုပ်စု၏ အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် ဦးခေါင်း ကျည်ထိ မှန်ခဲ့သဖြင့် မန္တလေး၌ တလနီးပါးခန့် ဆေးကုသမှုခံယူနေရသူ ဦးထွန်းဦးမှာ မသက်သာဘဲ မေ(၁၆)ရက်က ကျဆုံးခဲ့ရ။
- စစ်ကိုင်း၊ ပုလဲမြို့။ ဒီပဲယင်းမြို့နယ်၊ ကုန်းတဲရွာ။ ဝက်လက်မြို့နယ်ကျေးရွာများ၌ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်ပြုလုပ်ခဲ့ကြပြီး တန့်ဆည်မြို့။ ကချင်- ရွှေကူမြို့။ ကျောက်မဲမြို့တို့၌ ဆိုင်ကယ်သပိတ်ကို ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ စမ်းချောင်း။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ အင်ဂျီနီယာ၊ တကာသ။ ရွှေဘို။ ညောင်ဦး။ မိတ္ထီလာ။ တောင်ငူ။ ပခုက္ကူ။ ကမ္မ။ ရေဦး။ ဆားလင်းကြီး မြောက်ပိုင်းနှင့် ယင်းမာပင်။ မြိုင်၊ တောင်ပိုင်းဇုန် ကျေးရွာများ။ ထီးချိုင့်မြို့၊ မြတောင်ရွာ။ မင်းဘူး။ မကွေး၊ ဂန့်ဂေါမြို့။ မိုးကောင်း။ ပုဂံ။ ပဲခူးမြို့။ ထန်းတပင်။ ကလေးမြို့။ ထားဝယ်။ လောင်းလုံမြို့နယ်- မောင်းမကန်၊ တီဇစ်၊ ညောပြင်၊ ပန်းဒလဲ၊ ကဒက်ကြီး၊ ညင်းမော်။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်၊ တာမခန်၊ နမ္မတီး။ ကရင်၊ သံတောင်မြို့။ ရှမ်း-ပင်းတယ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြ။ ရင်းမြစ်-မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၁၇)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၀၂ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၅၂၁၀ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၆၉၉ ဦး

ရင်းမြစ် – အေအေပီပီမှ




မေလ(၁၇)ရက်၊ မန္တလေးမြို့၌ ပြုလုပ်ခဲ့သည့် တပ်ပေါင်းစုံ သပိတ်စစ်ကြောင်းတခုကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ- CJ )

စစ်
အာ
ဏာ
ရှင်
စနစ်
အလို
မရှိ

**နွေဦးစကား ဒို့ပြောကြား**

“လိုင်အကြမ်းဖက်၊ ဖက်ဆစ်တပ်
မြန်မာပြည်က ချက်ချင်းထွက်”

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**